ဧကန်အမှန်ပင် အလ္လာဟ်အရှင်မြတ်သည် မိမိသတ်မှတ်ထားသည့် (ဝါဂျိဗ်) တာဝန်များကို လိုက်နာကျင့်သုံးခြင်းအားနှစ်သက်တော်မူသကဲ့သို့ မိမိလျော့ပေါ့ပေးထားသည့်

ခြွင်းချက်များကို လိုက်နာကျင့်သုံးခြင်းအား

နှစ်သက်တော်မူသည်။

အစ်ဗ်နုအဗ္ဗာစ်(ရဿွိယလ္လာဟုအန်ဟု)က ဆင့်ပြန်ခဲ့သည်။ အလ္လာဟ်အရှင်မြတ်၏
ရစူလ်တမန်တော် (ဆွလ္လလ္လာဟုအလိုင်းဟိဝစလ္လမ်)မိန့်ကြားတော်မူသည်။ ဧကန်အမှန်ပင်
အလ္လာဟ်အရှင်မြတ်သည် မိမိသတ်မှတ်ထားသည့် (ဝါဂျိဗ်) တာဝန်များကို
လိုက်နာကျင့်သုံးခြင်းအား နှစ်သက်တော်မူသကဲ့သို့ မိမိလျော့ပေါ့ပေးထားသည့်
ခြွင်းချက်များကို လိုက်နာကျင့်သုံးခြင်းအား နှစ်သက်တော်မူသည်။
[صحيح] [رواه ابن حبان]

တမန်တော်မြတ် (ဆွလ္လလ္လာဟုအလိုင်းဟိဝစလ္လမ်)က မိန့်ကြားတော်မူခဲ့သည်မှာအလ္လာဟ်အရှင်မြတ်သည် သာသနာကို လိုက်နာကျင့်သုံးသူပေါ်တွင်လွယ်ကူမှုရှိစေရန်အတွက်ခရီးထွက်နေစဉ် လေးရကသ်ဆွလာသ်ကို နှစ်ရကသ်ဝတ်ပြုခြင်း၊ ဆွလာသ်နှစ်ကြိမ်ကိုပေါင်းဖတ်ခွင့်ပြုခြင်း စသည်ဖြင့် အမိန့်ပညတ်ချက်များ၊ ခဝပ်ကိုးကွယ်မှုများ၌မိမိတရားဝင်လျော့ပေါ့ပေးမှုများကို လက်ခံကျင့်သုံးခြင်းအား နှစ်သက်တော်မူသည်။ဤကဲ့သို့ပင် အရှင်မြတ်သည် မိမိသတ်မှတ်ထားသော ဝါဂျိဗ်တာဝန်များကိုလိုက်နာကျင့်သုံးခြင်းအား နှစ်သက်တော်မူသည်။ အဘယ်ကြောင့်ဆိုသော် ‘ဝါဂျိဗ်’ တာဝန်ဖြစ်စေ၊ ‘ရုခ်ဆွဟ်’ခြွင်းချက်အနေဖြင့် လျော့ပေါ့ပေးမှုဖြစ်စေ နှစ်ခုစလုံးသည်အလ္လာဟ်အရှင်မြတ်၏အမိန့်တော်ပင်ဖြစ်သည်။

https://sunnah.global/hadeeth/my/show/65017